## ပုံမှန် “e-Fixed Deposit” စာရင်းများကို i/mBanking မှတဆင့် ဖွင့်လှစ်ခြင်းအတွက် အမေးများသုံး မေးခွန်းများ

**မေး-၁။** ပုံမှန် “e-Fixed Deposit” စာရင်းများကို i/mBanking မှတဆင့် ဖွင့်လှစ်ရာတွင် မည်ကဲ့သို့ ဖွင့်လှစ်နိုင်မည်နည်း။

ဖြေ ပုံမှန် “e-Fixed Deposit” စာရင်းများကို i/mBanking မှတဆင့် ဖွင့်လှစ်ရာတွင် ပုံမှန်ငွေစုဘဏ်အပ်ငွေစာရင်း၊ စာရင်းရှင်စာရင်းနှင့် ခေါ်ယူအပ်ငွေစာရင်းများမှ စာရင်းလွှဲပြောင်းနည်း ဖြင့် ဖွင့်လှစ်နိုင်ပါသည်။

**မေး-၂။** i/mBanking မှတဆင့် ဖွင့်လှစ်သော ပုံမှန် “e-Fixed Deposit” စာရင်းများ၏ အတိုးနှုန်းများမှာ အဘယ်နည်း။

ဖြေ i/mBanking မှတဆင့် ဖွင့်လှစ်သော ပုံမှန် “e-Fixed Deposit” စာရင်းများ၏ အတိုးနှုန်းများမှာ အောက်ဖော်ပြပါဇယားအတိုင်း အပြောင်းအလဲမရှိ လက်ရှိပုံမှန်စာရင်းသေအပ်ငွေ စာရင်းများ၏ အတိုးနှုန်းများအတိုင်း ဖြစ်ပါသည်။

| **စဉ်** | **စာရင်းအမျိုးအစား** | **ကနဦးအပ်နှံငွေ (မြန်မာကျပ်ငွေ)** | **သက်တမ်းနှင့် အတိုးနှုန်း (တစ်နှစ်လျှင်)** | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | ၃၀ ရက် | ၆၀ ရက် | ၉၀ ရက် | ၁၈၀ ရက် | ၂၇၀ ရက် | ၃၆၀ ရက် | ၁၀၈၀ ရက် |
| ၁ | ပုံမှန် “e-Fixed Deposit” စာရင်း **(တစ်ဦးချင်းစာရင်း)** | ၁၀,၀၀၀ ကျပ် | 8.00% | 8.25% | 8.50% | 8.20% | 8.30% | 8.50% | 8.00% |
| ၂ | ပုံမှန် “e-Fixed Deposit” စာရင်း **(ကုမ္ပဏီစာရင်း)** | ၁၀၀,၀၀၀ ကျပ် | 8.00% | 8.25% | 8.50% | 8.20% | 8.30% | 8.50% | 8.00% |

**မေး-၃။** ပုံမှန် “e-Fixed Deposit” စာရင်းများ သက်တမ်းစေ့ရောက်သောအခါ မည်သို့ လုပ်ဆောင်မည်နည်း။

ဖြေ ပုံမှန် “e-Fixed Deposit”စာရင်းများ ဖွင့်လှစ်ရာတွင် ပုံမှန်အပ်ငွေစာရင်းများမှ စာရင်းလွှဲပြောင်းနည်းဖြင့် ဖွင့်လှစ်ထားခြင်း ဖြစ်သောကြောင့် သက်တမ်းစေ့ရောက်ချိန်တွင် ပုံမှန်အပ်ငွေစာရင်းသို့သာ ထည့်သွင်းပေးရမည်ဖြစ်ပါသည်။

**မေး-၄။** i/mBanking မှတဆင့် ပုံမှန် “e-Fixed Deposit”စာရင်းများ ဖွင့်လှစ်ရာတွင် မည်သည့်စာရင်းအမျိုးအစားများ ဖွင့်လှစ်နိုင်သနည်း။

ဖြေ i/mBanking မှတဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများ ဖွင့်လှစ်ရာတွင် တစ်ဦးချင်းစာရင်း (Individual)နှင့် ကုမ္ပဏီစာရင်း (Corporate) များအတွက် ဖွင့်လှစ်နိုင်ပါသည်။

**မေး-၅။** ပုံမှန် “e-Fixed Deposit” စာရင်းများ သက်တမ်းစေ့ရောက်သောအခါ ထပ်မံ သက်တမ်းတိုးနိုင်ပါသလား။

ဖြေ ပုံမှန် “e-Fixed Deposit”စာရင်းများ သက်တမ်းစေ့ရောက်သောအခါ သက်တမ်းအသစ် ထပ်မံတိုးခွင့်မပြုသေးပါ။ Close on Maturity ဖြင့်သာ ဖွင့်လှစ်နိုင်ပါသည်။

**မေး-၆။** Special Cash FD Account များကို i/mBanking မှ တဆင့်ဖွင့်လှစ်နိုင်ပါသလား။

ဖြေ မဖွင့်လှစ်နိုင်ပါ။

**မေး-၇။** i/mBanking မှ တဆင့် ဖွင့်လှစ်သော ပုံမှန် “e-Fixed Deposit” စာရင်းအတွက် certificate ရရှိနိုင်ပါသလား။

ဖြေ i/mbanking မှ တဆင့် ပုံမှန်“e-Fixed Deposit” စာရင်းများအတွက် e-Certificate သာ ရရှိနိုင်မည်ဖြစ်ပါသည်။ စာရင်းပိုင်ရှင် များသည် ၎င်းတို့၏ မှတ်တမ်းများအတွက် ဤ e-Certificate ကို Download ပြုလုပ်ပြီး သိမ်းဆည်းနိုင်ပါသည်။

**မေး-၈။** i/mBanking မှ တဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများ ဖွင့်လှစ်ရာတွင် FCY ဖြင့် ဖွင့်လှစ်နိုင်ပါသလား။

ဖြေ i/mBanking မှ တဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများ ဖွင့်လှစ်ရာတွင် FCY ဖြင့် မဖွင့်လှစ်နိုင်ပါ။ မြန်မာကျပ်ငွေဖြင့်သာ ဖွင့်လှစ်နိုင်ပါသည်။

**မေး-၉။** i/mBanking မှ တဆင့် ဖွင့်လှစ်ထားသော ပုံမှန် “e-Fixed Deposit” စာရင်းများကို သက်တမ်းမစေ့ရောက်မီ ပိတ်သိမ်းနိုင်ပါလား။

ဖြေ i/mBanking မှ တဆင့် ဖွင့်လှစ်ထားသော ပုံမှန် “e-Fixed Deposit” စာရင်းများကို မည်သည့်အကြောင်းပြချက်နှင့်မျှ သက်တမ်းမစေ့ရောက်မီ ပိတ်သိမ်းခြင်းအား ခွင့်မပြုပါ။

**မေး-၁၀။** နိုင်ငံခြားသားများအနေဖြင့် i/mBanking မှ တဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများကို ဖွင့်လှစ်နိုင်ပါသလား။

ဖြေ နိုင်ငံခြားသားများအနေဖြင့် i/mBanking မှ တဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများကို မဖွင့်လှစ်နိုင်ပါ။

**မေး-၁၁။** i/mBanking မှ တဆင့် ဖွင့်လှစ်ထားသော ပုံမှန် “e-Fixed Deposit” စာရင်း၏ Pay out တွင် ချိတ်ဆက်ထားသော စာရင်းကို သက်တမ်းမစေ့ရောက်မီ ပိတ်သိမ်းနိုင်ပါလား။

ဖြေ i/mBanking မှ တဆင့် ဖွင့်လှစ်ထားသော ပုံမှန် “e-Fixed Deposit” စာရင်း၏ Pay out တွင် ချိတ်ဆက်ထားသောစာရင်းကို သက်တမ်းမစေ့ရောက်မီ မပိတ်သိမ်းနိုင်ပါ။

**မေး-၁၂။** i/mBanking မှတဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများ ဖွင့်လှစ်ရာတွင် တွဲဖက်စာရင်းအမျိုးအစား ဖွင့်လှစ်နိုင်ပါသနည်း။

ဖြေ i/mBanking မှတဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများ ဖွင့်လှစ်ရာတွင် တွဲဖက်စာရင်းအမျိုးအစား မဖွင့်လှစ်နိုင်ပါ။

**မေး-၁၃။** i/mBanking မှတဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများကို ဖွင့်လှစ်နိုင်သည့် စာရင်းအရေအတွက် ကန့်သတ်ချက်ရှိပါသလား။

ဖြေ i/mBanking မှတဆင့် ပုံမှန် “e-Fixed Deposit” စာရင်းများကို ဖွင့်လှစ်နိုင်သည့် စာရင်းအရေအတွက် ကန့်သတ်ထားခြင်းမရှိပါ။ လူတစ်ဦးလျှင် အရေအတွက် အကန့်အသတ်မရှိ ဖွင့်လှစ်နိုင်ပါသည်။